ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသများအဖွဲ့ချုပ်)

All Burma Federation of Student Unions (ABFSU)

စာအမှတ်။ ။ ၂/၂၀၁၀(ဗကသများအဖွဲ့ချုပ်)
ရက်စွဲ ။ ။ ၇ - ၇ - ၂၀၁၀

## စစ်အာဏာရှင်စနစ်အား အစောဆုံးဆန့်ကျင်ခဲ့သည့် (၄၈)နှစ်ပြည့် ဇူလိုင်(၇)ရက်ကျောင်းသားအရေးတော်ပုံ အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက် (၂/၂၀၁၀)

၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့မှစ၍ ဗမာပြည်သူတရပ်လုံး၏ ဘ၀များထဲသို့ စစ်အာဏာရှင်စနစ် ဒုက္ခဆိုးကြီး ကျရောက်ခဲ့သည်မှာ ယနေ့ ၂၀၁၀ ခုနှစ်တွင် နှစ်ပေါင်း(၄၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

၁၉၆၂ ခုနှစ် ဇူလိုင်(၇)ရက်နေ့မှ စတင်ခဲ့သော ဗမာပြည်ကျောင်းသားလှုပ်ရှားမှု၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးတိုက်ပွဲသည်လည်း ယနေ့ ၂၀၁၀ ခုနှစ် ဇူလိုင်လ (၇)ရက်နေ့တွင် နှစ်ပေါင်း(၄၈)နှစ် ပြည့်ခဲ့ပြီဖြစ်ပါသည်။

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုနှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏သမိုင်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသမိုင်းသာမက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲသမိုင်းလည်း ဖြစ်ကြောင်းကို ယနေ့ကျရောက်သော ဇူလိုင်(၇)ကျောင်းသားအရေးတော်ပုံက သက်သေထူနေပါသည်။

စစ်အာဏာရှင်တို့သည် နှစ်ပေါင်း(၄၈)နှစ်ကြာမြင့်ခဲ့သော်လည်း စစ်အာဏာရှင်စနစ်ကို စွန့်လွှတ်လိုစိတ် လုံး၀ မရှိသေးဘဲ ၂၀၁၀ စစ်ပါတီစုံရွေးကောက်ပွဲဖြင့် ထပ်မံအသက်သွင်းပြီး အနာဂတ်တွင် ၂၀၀၈ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အကာအကွယ်ယူကာ ရဟန်းရှင်လူ၊ ကျောင်းသားကျောင်းသူ၊ တိုင်းရင်းသားလူငယ်များအပါအ၀င် ဗမာပြည်သူလူထု တရပ်လုံးကို စစ်အာဏာရှင်စနစ်ဖြင့် တရား၀င် ဆက်လက်ဖိနှိပ်ဦးတော့မည်ဖြစ်ပါသည်။

နိုင်ငံအနှံ့ တိုင်းရင်းသားလူငယ် ကျောင်းသူ ကျောင်းသားများအားလုံးသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်နှင့်အတူ ဗမာပြည်သူတို့၏အကျိုးအတွက် စစ်အာဏာရှင်စနစ် ဆက်လက်တည်တံ့မည့် ၂၀၁၀ စစ်ရွေး ကောက်ပွဲနှင့် ၂၀၀၈ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို စစ်အာဏာရှစ်နစ်အမြစ်ပြတ်သည်အထိ နည်းသဏ္ဍာန်မျိုးစုံဖြင့် ပြတ်ပြတ်သားသား ဆန့်ကျင်သွားကြမည်ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် ဇူလိုင်(၇)ရက်ကျောင်းသား အရေးတော်ပုံ(၄၈)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ပြန်ကြေညာလိုက်ပါသည်။

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

**ဆက်သွယ်ရန်။ ။** abfsu.07@gmail.com

All Burma Federation of Student Unions (ABFSU)